မခံနိုင်တာဟာ အောက်ခြေထုကို သင်းကွပ်သလိုဖြစ်နေပါတယ်။စစ်ရေးပဲဖြစ်ဖြစ်၊နိုင်ငံရေးပဲဖြစ်ဖြစ်တိုက်ပွဲရေရှည်လာရင် ဘယ်အရာမှ မကောင်းနိုင်ပါ။ “ **မနိုင်တာဟာ ရှုံးတာပဲဖြစ်တယ်** ” ဆိုတဲ့ အယူအဆကို လက်ခံကျင့်သုံးတက်ရင် အရှုံးထဲက အမြတ်ထွက်နိုင်ပါတယ်။ ပြီးတော့ ရှုံးနေမှုရဲ့အကြောင်းအရာကိုရှာဖွေတွေ့နိုင်ပါတယ်။ ဒီကမှသင်ခန်းစာယူပြီး အားနည်းချက်၊အားသာချက်တွေ ဖြည့်ဆည်းအသုံးချတက်ရင် အောင်မြင်မှုဟာ မလွဲမသွေရမှာဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ ခေတ်၊စံနစ်တိုင်းမှာ ခေါင်းဆောင်ကောင်းတွေပေါ်ထွက်ကြပါတယ်။အနီးစပ်ဆုံးအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာမှန်ကန်တဲ့ခေါင်းဆောင်မှုကိုပေးနိုင်ခဲ့သူဖြစ်ပြီး၊လူထုကိုကျွန်ဘဝမှလွတ်မြောက်ရာလမ်းကို ဆောင်ကျဉ်းပေးနိုင်ပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းဟာ စိတ်ဓါတ် ဖြောင့်မတ်တည်ကြည်မှုနဲ့ စေတနာအရင်းခံရှိမှုတို့ကြောင့်ပဲ နယ်ချဲ့လက်ပါးစေတချို့ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသူတဦးဖြစ်တယ်။ ဒီလိုခေါင်းဆောင်တွေရဲ့စိတ်ဓါတ်နဲ့ လုပ်ဟန်တွေကို အတုယူပြီး ခေတ်ကာလအခြေအနေနဲ့ လျော်ညီတဲ့ မှန်ကန်တဲ့ခေါင်းဆောင်မှုကို တည်ဆောက်ရမှာဖြစ်တယ်။ မှန်ကန်တဲ့ခေါင်းဆောင်မှုဟာလူထုဘဝ၊လူ့ဆန္ဒနဲ့ ထင်ဟပ်ရမှာဖြစ်ပါတယ်။ရန်သူ့ဘက်ကစာနာစိတ်နဲ့ ဝင်စဉ်းစားပေးတာထက်လူထုအခြေအနေကို ဦးစားပေးရမှာဖြစ်တယ်။ နိုင်ငံရေးအရ အမြော်အမြင်ရှိရမှာဖြစ်တယ်။ ပြီးတော့လူထုကို ထိရောက်စွာ ဦးဆောင်မှုပေးနိုင်ရမယ်။ လူထုနောက်လိုက်လုပ်နေဖို့ မလိုဘူး။ လူထုနောက်လိုက်လုပ်လိုရင် လူထုကို ခေါင်းဆောင်တင်ရုံသာရှိတယ်။ မှန်ကန်တဲ့ ခေါင်းဆောင်မှုဟာ ကိုယ့်အဖွဲ့အစည်းဆိုင်ရာ တစိတ်တပိုင်းထက် အမျိုးသားရေးလှုပ်ရှားမှု ဖြစ်စဉ်ကြီးတခုလုံးကို အခြေခံရပ့်မယ်။ ခေါင်းဆောင်မှုဟာအမှန်ကန်ဆုံးရှေ့ကဦးဆောင်မပြုရင် နောက်လိုက်ကောင်းဆိုတာလည်း ဘယ်တော့မှရမှာ မဟုတ်ဘူး။ ဒီကနေ့မြန်မာ့ဒီမိုကရေစီ လှုပ်ရှားမှုကြီးအတွက် မှန်ကန်တဲ့ခေါင်းဆောင်မှုတည်ဆောက်ရေးဟာ အသက်သွေးတမျှ အရေးတကြီးလိုအပ်နေပြီဖြစ်ပါတယ်။ ။

ရော

၂၄၊၆၊၂၀၀၉